## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ဖုန်း- ၀၆၇ ၃၄၃၀၅၄၈၊ ၀၆၇ ၃၄၃၀၁၉၀၊ အီးမေးလ် - mfi@frd.gov.mm


စာအမှတ်၊ ကက - ၁ / ၆ ( ၃၁၈ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီ လ ၂၈ ရက်

အကြောင်းအရာ။ **အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက် အမှတ်(၂/၂၀၂၀)အား ဆက်လက်ကျင့်သုံးရေး**

ရည်ညွှန်းချက် ။ (၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီညွှန်ကြားချက် အမှတ် (၂/၂၀၂၀)

(၂) Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၂၃-၄-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၃၉၂/ ၂၆၄/ COVID-19/ ကော်မတီ(၂၀၂၀)

၁။ COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့်အညီ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့အထိ လိုက်နာဆောင်ရွက်ရန်အချက်များကို ရည်ညွှန်း(၁)ပါစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ပြည်သူများ မိမိတို့နေအိမ်တွင် နေထိုင်ရေး(Stay at Home) ကာလကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီ၏ ရည်ညွှန်း(၂)ပါစာဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၁၅ ရက်ထိ တိုးမြှင့်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီညွှန်ကြားချက်အမှတ်(၂/၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်အထိ တိုးမြှင့်၍ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ အသင်းသားများသို့ ချေးငွေထုတ်ချေးခြင်း၊ ချေးငွေပြန်လည်ကောက်ခံခြင်း၊ စုဆောင်းငွေ ပြန်လည်ထုတ်ပေးခြင်းများကို မိမိတို့ရုံးခွဲများတွင် လူ ၅ ဦးထက်မပိုသည့် ဝန်ထမ်းများဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ရုံးခွဲများတွင် ဝန်ဆောင်မှုပေးရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် အညီအသင်းသားများအားကိုယ်အပူချိန်တိုင်းခြင်း၊လက်ဆေးဘေစင်များထားရှိခြင်း၊ပတ်ဝန်းကျင်ဆေး ဖြန်းခြင်း၊ လူမှုရေးအရ ဘေးကင်းအကွာအဝေးတွင် နေထိုင်သည့် (Social Distancing) စနစ် ကျင့်သုံး

ခြင်း၊ တစ်ကြိမ်လျှင် အသင်းသား ၅ ဦးထက်ပို၍ မစုစည်းစေခြင်း စသည့် နည်းလမ်းများ ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါကာလအတွင်း အသင်းသားများနှင့် တစ်အိမ်တက်ဆင်း ထိတွေ့ဆက်ဆံ ခြင်း၊ ရုံးခွဲတွင် လူအများအပြားစုရုံးခြင်း၊ Social Distancing စည်းကမ်းမလိုက်နာခြင်း၊ Lock Down ပြုလုပ်ထားသော ရပ်ကွက်၊ ကျေးရွာများအတွင်း ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် လုပ်ငန်းဆောင်ရွက်ခြင်းတို့မှ ရှောင်ကြဉ်ကြရန်ဖြစ်ပါသည်။

၆။ COVID-19 ရောဂါကြောင့် လုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ်ကာလအတွင်း ချေးငွေပြန်လည် ကောက်ခံမှု မဆောင်ရွက်နိုင်သဖြင့် ဖြစ်ပေါ်လာသော ချေးငွေပေးဆပ်မှုနောက်ကျခြင်းနှင့်ပတ်သက်၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ်(၅/၂၀၁၆)တွင် သတ်မှတ်ထားသည့် ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှုလျာထားချက်များကို ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိဆောင်ရွက်ရန်နှင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံ ရန်ကျန်ရှိသော ချေးငွေလက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှုလျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ ၏ ၁% လျာထားဆောင်ရွက်ရန်ဖြစ်ပါသည်။ ထိုသို့ လျာထားခြင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ အထိ ခွင့်ပြုမည်ဖြစ်ပါသည်။

၇။ COVID-19 Pandemic နှင့်ပတ်သက်၍ နိုင်ငံတော်၏ဆောင်ရွက်မှုများအပေါ် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

၂၀/၃/၂၀၂၀

ဥက္ကဋ္ဌ(ကိုယ်စား)

(ဇော်နိုင်၊ အတွင်းရေးမှူး)

ဖြန့်ဝေခြင်း

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအားလုံး
- ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

} သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

- ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှူးများအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကူညီမှုအသင်း
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာ